# Esthesia

## one-shot collection

(2)

# "Mysterious nightmare"

Author - Sue Khat Thar

မျက်စိဖွင့်ထားသည်ဟု ခံစားမိသော်လည်း ရှိန်း ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ ဘေးပတ်ပတ်လည်တစ်ခုလုံး အဆုံးအစမရှိ အမှောင်ထုကိုသာ သူ ခံစားနေရသည်။ ဘာမှမရှိသည့် ဗလာနတ္ထိထဲတွင် ပိတ်မိနေသလို သူ မွန်းကျပ်နေသည်။

အိပ်မက်မက်နေသည်ဟု စိတ်က ထင်မိပေမဲ့ သူ နိုးထလို့ မရ။ သူ တစ်ယောက်တည်း အမှောင်ထဲ လမ်းပျောက်နေသည်ဟု ထင်မိချိန်။ ပန်းနုရောင် အရိပ်လေးကို မြင်လိုက်ရတော့ သူ လှစ်ခနဲ ဝမ်းသာသွားမိသည်။

တဖြည်းဖြည်းနှင့် အရိပ်လေးက မိန်းကလေးငယ် တစ်ဦးအသွင် ရုပ်လုံးပေါ်လာသည်။ ထို့အတူ သူမရှိနေရာ နေရာကလည်း အိမ်ခန်းတစ်ခု အဖြစ် ပီပီပြင်ပြင် ပုံပေါ်လာသည်။ ထိုမိန်းကလေးက ရှိန်းကို လုံးဝ မြင်ပုံမပေါ်။ ချထားသော ခုံပေါ်တက်ကာ လက်ထဲ ကိုင်ထားသော ကြိုးကို ထုပ်တန်းတွင် ချည်နေသည်။

ထိုမိန်းကလေး ပြုမူသမျှကို TV ဖန်သားပြင် တစ်ခုကနေ ကြည့်နေရသလို သူ ခံစားမိသည်။ တစ်ဖက်က တွဲလောင်းကျနေသည့် ကြိုးစကို သူမ လည်ပင်းတွင် ပတ်ချည်လိုက်သည့် အချိန်မှာတော့ မိန်းကလေး ဘာဆက်လုပ်တော့မည်ဆိုတာ ရှိန်း သဘောပေါက်လိုက်သည်။

အော်ဟစ်ကာ မလုပ်ဖို့ တားချင်သော်လည်း ဘာအသံမှ ထွက်မလာနိုင်။ သူ့ခန္ဓာကိုယ် သူ မပိုင်တော့သလို ဘယ်လိုမှ လှုပ်မရ။ ရုတ်ခြည်း အဖြစ်အပျက်တွေကြောင့် ထိတ်လန့် ချောက်ချားနေမိစဉ်မှာပဲသူ့ကို ရုတ်တရက် စိုက်ကြည့်လိုက်သော သူမ မျက်ဝန်းတွေကြောင့် တစ်ကိုယ်လုံး ရှိ သွေးများခဲသွားသလို ခံစားလိုက်ရသည်။

ဘုရားသခင် ဒါဘယ်လို အကြည့်မျိုးလဲ။ နာကြည်းမုန်းတီးများနှင့် ခက်ထန်စူးရှနေသော မျက်ဝန်းတစ်စုံ။ ရှိန်းကို စိုက်ကြည့်နေရင်းကပင် သူမက ခုံကို ကန်လိုက်သည်။ ကြိုးတန်းလန်းနှင့် တဝဲလည်လည် ဖြစ်နေသော သူမ ခန္ဓာကိုယ်ကို သူ ကြောက်လန့်တကြား ငေးကြည့်နေမိသည်။

ဘာလို့ မျက်လုံးတွေကို မှိတ်မချလိုက်မိလည်း သူကိုယ်သူ မသိ။ တဖြည်းဖြည်းနှင့် သူမ၏ ပုံရိပ်က သူနှင့် ဝေးကွာသွားသလို ဖြစ်လာသည်။ အမှောင်ထုထဲသို့ သူ နောက်တစ်ကြိမ် နစ်မြုပ်တော့မည်ဟု ထင်လိုက်မိသော်လည်း ...

~~~"Cause Uptown Funk gon' give it to you

Saturday night and we in the spot

Don't believe me, just watch (Come on)

Doh, doh, doh, doh, doh, doh, doh, doh"~~~

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် သူ ဆတ်ခနဲ နိုးသွားကာ အလန့်တကြား ထထိုင်လိုက်မိသည်။ ဘုရားရေ သူ အိပ်မက် မက်နေတာပဲ။

လာနေသော ဖုန်းကို မကိုင်အားသေးဘဲ ခုတင်ဘေးက ခုံပေါ်တွင် တင်ထားသော ရေဘူးကိုယူကာ အမောတကော မော့ချလိုက်ရသည်။ တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်ကာ ရင်တွေ တဒိန်းဒိန်းခုန်နေဆဲ။ မိုးစင်စင်လင်းနေ
~~~

ပြီမှန်း သိသော်လည်း သူ ချောက်ချားနေမိဆဲပင်။

ဘယ်လို ထူးဆန်းတဲ့ အိပ်မက်မျိုးပါလိမ့်။ အစအဆုံး သေချာမမှတ်မိတော့ပေမဲ့ ကြက်သီးထဖွယ်အကြည့် စူးရဲရဲကိုတော့ အာရုံထဲက ဖျောက်မရ။ နောက်တစ်ကြိမ် ထပ်မြည်လာသော ဖုန်းကြောင့် သူ စိတ်ရှုပ်ရှုပ်နှင့် ကိုင်လိုက်သည်။

"ဘယ်လိုလဲ မင်းသားရဲ့။ ညက တော်တော်မှ အဆင်ပြေရဲ့လား"

တစ်ဖက်က ခွေးကောင် ကျော်စွာ၏ အသံကြောင့် သူဆဲလိုက်မိသည်။

"ခွေးကောင်တွေ ... မင်းတို့ လုပ်လို့ ငါ အိမ်ကို လေးဖက်မထောက်ရုံတမယ် ပြန်လာရတာကွ။ ပေါက်ကရ ဆေးတွေ လျှောက်ထည့်ထားလို့ လမ်းဘေးကားရပ်ပြီး ဖြေရှင်းလိုက်ရသေးတယ်။ ပြီးတာနဲ့ မူးပြီး အိပ်ပျော်သွားလို့ ပြန်နိုးလာမှ အလန့်တကြား အိမ်ကို မနည်း ပြန်လာရတယ် သူတောင်းစားတွေရဲ့"

သူပြောတော့ ဟိုဘက်က အသံ ခဏပျောက်သွားသေးသည်။

"အဲဒါဆို မင်း ညက ဟိုကောင်မလေးနဲ့ မဖြစ်လိုက်ဘူးပေါ့"

ဖုန်းကို လုကာ ပြောဟန်တူသည့် နေထက်၏ဇဝေဇဝါအသံကြောင့်သူ ခေါင်းခါလိုက်မိသည်။

"အေး မဖြစ်ဘူး။ ဆေးခတ်ထားမှန်းသိရင်တော့ ငါ ဘယ်ပြန်လွှတ်လိုက်မလဲကွ"

တစ်ဖက်က တဟားဟား အော်ရယ်နေကြပြီးမှ ပြန်ပြောသည်။

"အင်း ဘာဘဲဖြစ်ဖြစ် ... ငါတို့ကောင်းမှုကြောင့် မင်း မဒီ့အကြောင်းကို ခဏတော့ မေ့လို့ရသွားတယ် မဟုတ်လား"

သူမ နာမည်ပါလာတော့ သူ စိတ်ပင်ပန်းစွာ သက်ပြင်းချလိုက်မိသည်။

တက်သစ်စ မင်းသားတစ်ယောက်နှင့် အောင်မြင်နေပြီဖြစ်သော မင်းသမီးတစ်ယောက်၏ အချစ်ဇာတ်လမ်းက ရေရှည်မခံမှန်းသိနေပေမဲ့ အခုလောက်ထိ မဒီ ပြတ်သားသွားနိုင်လိမ့်မည်ဟု သူမထင်ခဲ့ရိုးအမှန်။

"ငါ လုပ်စရာ ရှိသေးလို့။ ဒါပဲကွာ"

တစ်ဖက်က ပြန်ပြောသည်ကို စောင့်နားမထောင်တော့ဘဲ သူ ဖုန်းချလိုက်မိသည်။ မဒီကြောင့်ရော၊ အိပ်မက်ဆိုးကြောင့်ပါ ပေါင်းပြီး သူ စိတ်တွေ လုံးဝ မကြည်လင်။

'တောင်'

Messenger မှ message ဝင်လာခြင်းကြောင့် သူ အမှတ်မဲ့ ဖွင့်ကြည့်လိုက်မိသည်။

အကောင့်နာမည်က Pollen , ကာတွန်းပုံ Profile picture နှင့်။ သူ အံ့သြသွားမိသည်။

Celebrity တစ်ယောက် ပီပီ သူ တော်ရုံ ဘယ်သူ့ကိုမှ Facebook friend အဖြစ် လက်မခံ။

အကောင့်တုတွေဆို ဝေလာဝေး။ ဘယ်တုန်းကများ မှားနှိပ်ပြီး လက်ခံလိုက်မိပါလိမ့်။

ဘာပို့ထားတာလဲ စိတ်ဝင်စားမှုကြောင့် ကြည့်လိုက်တော့ သီချင်းဗီဒီယိုတစ်ခုနှင့် ပျော်ရွှင်ပါစေအစ်ကို ဆိုသည့် စာတစ်ကြောင်း။

~~'ပျော်ရွှင်ခြင်းတွေရယ် ကြည်နူးခြင်းတွေနဲ့

အစဉ်ငြိမ်းချမ်းနေမယ် ကမ္ဘာမှာ မင်းနဲ့ငါရယ် ... '~~

ဘာရယ်မဟုတ် သီချင်းလေးကို သူ အဆုံးထိ နားထောင်လိုက်မိသည်။ စိတ်တွေလည်း အတော် သက်သာ ပေါ့ပါးသွားသည်။

"ကျေးဇူးပါ"

Reply ပြန်မိပြီးသွားမှ သူကိုယ်သူ အံ့သြမိသွားသည်။ သူက ဘယ်ပရိသတ်ကိုမှ တိုက်ရိုက် message reply ပြန်ဖူးသူ မဟုတ်ပါ။ ရိုက်ကွင်းထဲထိ လာအားပေးသော ကလေးမတချို့ကိုတောင် သူ we love groupတွေမှာသာ စကား ပြန်ပြောဖြစ်ခြင်း ဖြစ်သည်။ အောက်ထပ်မှ အမေဖြစ်သူ၏ အော်သံကြောင့် ရှိန်း ဘာဘာညာညာ မစဉ်းစားနိုင်တော့ဘဲ လုပ်စရာရှိတာ အမြန် ထလုပ်ရတော့သည်။

***

ဒီနေ့တစ်နေကုန် ရိုက်ကူးရေးတွေ ဆက်နေသဖြင့် ည ဆယ်နာရီကျော်မှ အိမ်ပြန်ရောက်သည်။ ရေမိုးချိုးပြီး ဝေယျာဝစ္စတွေ လုပ်ပြီးချိန်တွင်တော့ 11နာရီ ထိုးနေပြီ။ အိပ်ရာထဲဝင်ခွေရင်း အင်တာနက်ဖွင့်လိုက်တော့ pollen အကောင့်မှ message ဝင်လာသည်။

"ပြန်ရောက်ပြီလား အစ်ကို"

သူ ဒီတိုင်းထားကာ newsfeed ကိုပဲ ပွတ်နေလိုက်သည်။

"အစ်ကို ဒီနေ့ပြည်သူ့ရင်ပြင်မှာ ကြော်ငြာ ရိုက်တယ်။ ပြီးတော့ photo shooting သွားတယ်။ ပြီးတာနဲ့ ဇာတ်လမ်းအသစ်အတွက် တစ်နေကုန် ရိုက်ကူးရေးလုပ်ရတယ်။ ညီမပြောတာ ဟုတ်တယ်မလား"

ပြောသမျှအကုန် အတိအကျ မှန်ကန်နေသောကြောင့် သူ အကြီးအကျယ် ထိတ်လန့်သွားမိသည်။

"မင်း ဘယ်သူလဲ"

သူမေးလိုက်တော့ သူမက ရယ်နေသည့် emoji တွေ အရင် ပို့သည်။

"အရမ်း လန့်မသွားပါနဲ့ အစ်ကို။ မနက်က အစ်ကိုဆီက reply ရတော့ ညီမက အရမ်းပျော်နေတာ။ ဒီနေ့ ဘာမှ လုပ်စရာ မရှိတာနဲ့ လျှောက်သွားမယ် ဆိုပြီးမှ တိုက်တိုက်ဆိုင်ဆိုင် အစ်ကို့ကားကို တွေ့လိုက်လို့ နောက်က တောက်လျှောက် လိုက်လာမိတာ။ အစ်ကို မကြိုက်ရင် ညီမ နောက်မလုပ်တော့ပါဘူး"

အဲဒီတော့မှ သူ ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။ သူမ အကောင့်ထဲကို ဝင်ကြည့်လိုက်တော့လည်း ထင်ထားသည့်အတိုင်း ဘာမှ မတွေ့။

"အစ်ကို ပင်ပန်းနေတာလား"

"အင်း"

အများကြီး မတွေးနေတော့ဘဲ သူ reply ပြန်လိုက်မိသည်။

"အဲဒါဆို နားလိုက်တော့နော် အစ်ကိုgood night ပါ"

ပြောပြီးချက်ချင်း out သွားသော သူမကြောင့် သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားမိသည်။ ဘာလို့လဲ ဆိုတာလည်း သူ့ကိုယ်သူ နားမလည်။ သေချာတာတော့ ထိုညက မဒီ့အကြောင်း သူ မတွေးမိ။

***

"သနားပါတယ်ကွာ။ ငယ်ငယ်လေးပဲ ရှိသေးတယ်ကွ"

နားချိန်တွင် ရုံးတင်တစ်ခုလုံး ငယ်ငယ်လေးနှင့် သတ်သေသွားသော မိန်းကလေး အကြောင်းကိုပဲ ပြောနေကြသည်။ ရှိန်း၏ newsfeed မှာလည်း ဒါတွေပဲ ထပ်ခါတလဲလဲ shareနေကြသည်။

သူကတော့ ထိုအကြောင်းကို မပြောချင် မကြားချင်တော့။ အိပ်မက်ထဲက မိန်းကလေးကို သွားသွား သတိရမိတာကြောင့်လည်း ပါမည်။

"နားချိန်လား အစ်ကို"

Pollen ဆီက message ဝင်လာတာကြောင့် သူ အာရုံ ပြောင်းသွားသည်။

"အင်း"

"သတ်သေတဲ့ မိန်းကလေးအကြောင်း ကြားပြီးပြီလား အစ်ကို"

Pollen ဆီကပါ ထို အကြောင်းကို ထပ်ကြားလိုက်ရတော့ သူ စိတ်အတော် ညစ်ညူးသွားမိသည်။

"ကိုယ် အဲဒီအကြောင်းကို ထပ်မသိချင်တော့ဘူး"

သူပြောလိုက်တာနှင့် သူမက ချက်ချင်း out သွားသည်။

**ဘာလဲ စိတ်ဆိုးသွားတာလား။**

**ဟာသပဲ။**

**ငါလိုလူက reply တာတောင် ကျေးဇူးတင်သင့်တာ မဟုတ်လား။**

ရှိန်းတွေးသာတွေးနေသော်လည်း ရင်ထဲမှာတော့ နွမ်းလျလျ ဖြစ်သွားမိသည်။ တစ်ပတ်နီးပါးကြာတဲ့အထိ Pollen အကောင့်ဆီမှ ဘာ စာမှ ဝင်မလာတော့။ Block လိုက်တော့မည်ဟု တွေးမိပြီးမှ မလုပ်ရက်။ တစ်နေ့နှင့် တစ်ပိုင်းသာ စကားလာပြောတာ အကောင်တု တစ်ခုကို ဘာလို့ အဲဒီလောက် အာရုံထားနေမိမှန်းလည်း သူကိုယ်သူနားမလည်။

ဒီကြားထဲ ဘာမှန်းမသိ အိပ်မက်တွေကြောင့် ညတိုင်း အိပ်ရေးပျက်ရသည့်အပြင် မနက်ခင်း နိုးထတိုင်းလည်း အားအင်တွေ အကုန် စုပ်ယူခံလိုက်ရသလို နုံးချည့်နေရသည်။

အိပ်မက်တိုင်းလိုလိုတွင် မသဲမကွဲ ပုံစံနှင့် မိန်းကလေးတစ်ယောက် ပါ

တတ်ပြီး မကောင်းသည့် ခံစားချက်ကြီးကလည်း ဒွန်တွဲနေတတ်သည်။ တစ်ပတ်လုံး နေမကောင်းချင်သလို ဖြစ်နေပြီး ရှစ်ရက်မြောက်နေ့မှာတော့ အလုပ်အားလုံးကို ခွင့်တိုင်ကာ အိမ်မှာပဲ အနားယူလိုက်တော့သည်။

"ဒီနေ့ နားရက်လား အစ်ကို"

ဖုန်းနှင့် ရုပ်ရှင်တစ်ခု ကြည့်နေစဉ်ရုတ်တရက် ဝင်လာသော message ကြောင့် သူ ထထိုင်မတတ် ဝမ်းသာသွားမိသည်။ ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ချက်ချင်း reply ပြန်လိုက်မိသည်။

"အင်း နေသိပ်မကောင်းလို့"

"ဟုတ်လား။ ဂရုစိုက်ပါနော် အစ်ကို။ ရာသီဥတု အပြောင်းအလဲနဲ့ဆိုတော့ ညီမက တကယ် စိတ်ပူလို့ပါ"

Message လေးမှ ခံစားရသော နွေးထွေးမှုကြောင့်သူ ပြုံးလိုက်မိသည်။ ဟို ရက်တွေက ဘယ်တွေပျောက်နေလဲ မေးသင့် မမေးသင့် သူ တွေဝေနေစဉ် မှာပဲ

"ညီမလည်း ဒီရက်ပိုင်း နေသိပ်မကောင်းလို့ပါ။ အစ်ကို့ကို ဂရုမစိုက်မိ သလို ဖြစ်သွားတယ်။ တကယ် တောင်းပန်ပါတယ်နော်။ စိတ်မဆိုးပါနဲ့"

ဂရုမစိုက်လို့ စိတ်ဆိုးရအောင် ငါက သူ့ရည်းစားလည်း မဟုတ်။ ရှိန်း တွေးမိပြီးမှ ကိုယ့်ဟာကို မျက်နှာပူမိသွားသည်။

"အစ်ကို စိတ်ရှုပ်နေတာမျိုးတွေ ရှိလားဟင်။ ညီမကို ရင်ဖွင့်လို့ ရတယ် နော်"

သူမ ပို့သော message လေးကို ငေးကြည့်နေမိရင်း အိပ်မက်တွေ အကြောင်း ပြောပြလိုက်ချင်စိတ်ကို ထိန်းမရ။ Screen shots တွေရိုက်ကာ ဖွလိုက်ရင် ဆိုသည့်အသိကလည်း တစ်ဖက်မှာ လွန်ဆွဲနေသေးသည်။

နောက်ဆုံးတော့ အိပ်မက်ပဲ ဖွလည်း ဘာမှ မထူးဟု တွေးကာ အကြောင်းစုံ ပြောပြလိုက်မိသည်။

သူမက ခဏကြာ ငြိမ်သွားပြီးမှ ပြန်ဖြေသည်။

"အိပ်မက်ဆိုတာကတော့ မသိစိတ်က လျှို့ဝှက်ချက်တွေကို ပုံရိပ်အဖြစ် သိစိတ်ကို ဖော်ပြပေးတာလို့ ညီမကတော့ ယုံကြည်တယ်။ ဒါမှမဟုတ် မသိဘဲ စိတ်စွဲသွားတာ တစ်ခုခုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ စိတ်အပင်ပန်းခံ မနေပါနဲ့ အစ်ကို။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ အိပ်မက်ပါပဲ။ လက်တွေ့မှာ အစ်ကို့ကို မနာကျင်စေပါဘူး"

သူမ အပြောကြောင့် ရှိန်း တကယ် စိတ်သက်သာရာ ရသွားမိသည်။

**ဟုတ်ပါရဲ့။**

**နောက်ဆုံးတော့ အိပ်မက်က အိပ်မက်ပါပဲ။**

ထိုနေ့က သူမနှင့် ရှိန်း တစ်နာရီ နီးပါး စကားပြောဖြစ်ကြသည်။ များသောအားဖြင့်တော့ သူမ ပြောသမျှကို ရှိန်းက တအင်းအင်းနှင့် reply ပြန်ပေးခြင်းသာ ဖြစ်သည်။

သူမ ရှိန်းကို ဘယ်လို ကြိုက်နှစ်သက်ရကြောင်း၊ သူမအိမ်က မကြိုက်သည့် ကြားက ရှိန်းရိုက်ကွင်းဆီသို့ ခိုးထွက်ရကြောင်း၊ အလွန်ကြိုက်သော်လည်း စကားလာပြောရမှာ ရှက်သည့်အတွက် တစ်ခါမှ ဓာတ်ပုံမရကြောင်း စသည်တို့မှ စ၍ရှိန်း၏ ဘယ် ဓာတ်ပုံကိုတော့ဖြင့် သူမ ဘယ်လို ကြိုက်ရကြောင်း၊ ဘယ်ရုပ်ရှင်မှာတော့ဖြင့် ရှိန်းနှင့်အတူ ဘယ်လို စီးမျော သွားရကြောင်း၊ ရှိန်းတင်ထားသော lover သီချင်း cover လေးကို သူမ ရေတွက်နိုင်အောင် နားထောင်ဖြစ်ကြောင်း တို့မှ အဆုံး အသေးစိတ် ပြောပြသည်။

မိန်းကလေး ပရိသတ် အမြောက်အမြားရှိသည့် အလျောက် ချီးကျူးမှုတွေကို မကုန်ခန်းနိုင်အောင် ကြားခဲ့ဖူးသော်လည်း အခု ခံစားချက်က မတူ။ သူ့လုပ်ဆောင်ချက် တစ်ခုချင်းစီအတွက် အပေါ်ယံမဟုတ်ဘဲ သေချာ စိတ်ရင်းနှင့် ချီးကျူးပေးနေသည့် Pollen ကြောင့် ခံစားရသည့် ပီတိက တခြား ခံစားချက်တွေနှင့် အတော် ကွခြားသည်။

"အဲဒါဆို ညီမ out တော့မယ်နော် အစ်ကို။ နောက်နေ့တွေလည်း အစ်ကို လိုအပ်တဲ့ အချိန်တိုင်း ညီမ စကားလာပြောပေးမယ်"

ပြောပြီး ချက်ချင်း out သွားသော အကောင့်လေးကို ကြည့်ပြီး သူရယ်လိုက်မိသည်။ ဘယ်အချိန် သူမကို ရှိန်းလိုအပ်မလဲဆိုတာ သူမက အာရုံရနေမည့်အတိုင်း ပြောသွားပုံက။

ထိုနေ့က ရှိန်း တစ်နေ့လုံး စိတ်ကြည်လင်နေရုံသာမက ညဘက်တွင်လည်း အိပ်မက်ဆိုးတွေ မမက်တော့ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ခဲ့ပါသည်။

***

အံ့ဩဖွယ်ကောင်းစွာပင် နောက်ရက်တွေ သူမ စကားလာပြောသည့် အချိန်ကလည်း ရှိန်းတကယ် လိုအပ်နေသည့် အချိန်တွေသာ ဖြစ်နေခဲ့သည်။ ရှိန်း စိတ်ရှုပ်ထွေးနေချိန်၊ အလွဲအမှားတွေ ဖြစ်၍ စိတ်ပင်ပန်းနေရချိန်မျိုးတွေဆိုရင် သူမက စိတ်ကြည်နူးစရာ သီချင်းလေးတွေ၊ ရယ်စရာဟာသတိုလေးတွေ ပို့ပေးတတ်သည်။

အလုပ်နားရက်များတွင် ဘာမှ လုပ်စရာမရှိသဖြင့် ပျင်းရိနေရချိန်မျိုးမှာတော့ သူမက စာအုပ်၊ ရုပ်ရှင် အညွှန်းတွေကို ပို့ပေးတတ်သည်။

တစ်ခါတစ်ရံ

"အစ်ကို ဟိုရုပ်ရှင်လေး ကြည့်ပြီးပြီလား။ အသစ်ထွက်တာလေး အရမ်းကောင်းတာ။ ညီမ link မနည်း ရှာထားရတယ်။ အစ်ကို ကြည့်ချင်ရင် ပို့ပေးမယ်"

"အစ်ကို အဲဒီစာအုပ်လေး မဖတ်ဖူးရင် ဖတ်ကြည့်။ ညီမ ခဏခဏ ပြန်ဖတ်တာ အရမ်းကြိုက်လို့"

စသဖြင့် သူမကိုယ်တိုင် အညွှန်းပေးရုံ သာမက link တွေ၊ စာအုပ်ပုံတွေကိုပါ တကူးတက ရှာပို့ပေးတတ်သည်။ ရှိန်း အလုပ်မအားချိန်၊ တစ်ခုခုကို အာရုံစိုက်နေရချိန်ဆိုရင်တော့ သူမက စာလာမပို့ရုံသာမက အကောင့်ကပါ မီးစိမ်းမနေ။ အချိန်ကြာလာသည်နှင့် အမျှ အစစအရာရာ အသေးစိတ် ဂရုစိုက်ပေးသော pollen အကောင့်လေးကို သူ သံယောဇဉ် ဖြစ်လာသည်။

စိတ်ရှုပ်လာသည်နှင့် သူမ ပို့ပေးသော ဟာသလေးတွေ ဖတ်ရလိုက်မှ စိတ်ပြန်ပျော်ရွှင်ရသလိုမျိုး။ သူမ ညွှန်းသော စာအုပ်၊ ရုပ်ရှင် အားလုံးကလည်း ရှိန်း မနှစ်သက်တာ တစ်ခုမှမပါ။ နားနားနေနေဖြစ်သည့် အချိန်မျိုးတွေတွင် သူမနှင့်အတူ ဓာတ်လမ်းအကြောင်းကို ပြန်ဆွေးနွေးဖြစ်သည် အထိ သူတို့ ရင်းနှီးမှုတွေ တိုးလာခဲ့သည်။

အရင်ကလို သူမကို reply ပြန်ဖို့ ရှိန်း တွန့်ဆုတ်မနေတော့။ အလုပ်မှာ စိတ်ပင်ပန်းမှုတွေ ကြုံရတိုင်း သူမကို ရင်ဖွင့်လိုက်ရမှ နေသာသလို ဖြစ်လာသည်။ သူမ ပြောသော နှစ်သိမ့်စကားလေးတွေ အပေါ်မှာလည်း သူ တသိမ့်သိမ့် ကြည်နူးနေတတ်မိပြီ ဖြစ်သည်။

တစ်ခါတစ်ရံ သူတို့နှစ်ယောက်လုံး ကြိုက်သည့် အဆိုတော်များထံမှ သီချင်း အသစ်ထွက်လျှင် ရှိန်းကပင် သူမကို အရင် သတင်းပေးမိသည်။ တဖြည်းဖြည်းနှင့် Pollen ဆိုသည့် အကောင့်လေးက ရှိန်း၏ သီးသန့် ပျော်

ရွှင်ရာဘုံလေး ဖြစ်လာသည်။

သူမနှင့် စကားပြောရတိုင်း ဖိအားတွေ တာဝန်တွေကို မေ့လျော့ထားနိုင်သလိုမျိုးပင်။

သူမက ရှိန်းပြောသမျှ နားထောင်ပေးပေမဲ့ သူမ အကြောင်းကိုတော့ တစ်စွန်းတစ်စတောင် ဖွင့်ဟပြောခြင်းမျိုး မရှိခဲ့ဖူးသေး။ တစ်ခါကတော့ ရှိန်း သူမကို အကောင့် အစစ်ရှိရင် ပြောပြဖို့ မေးဖူးသေးသည်။

"အပြင်မှာ ညီမက ဘာမှ မထူးခြားတဲ့ သာမန် မိန်းကလေးပါပဲ အစ်ကို။ ဒီ Pollen ဆိုတဲ့ အကောင့်ပိုင်ရှင်လေး အနေနဲ့ကျတော့ အစ်ကိုအတွက် အနည်းငယ် အရေးပါတဲ့ လူတစ်ယောက် ဖြစ်ခွင့် ရနေတယ် မဟုတ်လား။ ဒါကြောင့် Pollen အကောင့်ပိုင်ရှင်လေး ဘဝကို ညီမ ပိုမြတ်နိုးတယ်။ အကောင့်တုဆိုပြီး မယုံကြည်ရဘူးလို့ တွေးရင်တော့ ညီမ စိတ်မကောင်းဖြစ်ရုံက လွဲပြီး ဘာမှ မတတ်နိုင်ပါဘူး"

သူမ ပြန်ဖြေသည့် စာကို တွေ့ပြီးသည့် အချိန်မှာတော့ ရှိန်းနောက်တစ်ကြိမ် ထပ်မမေးတော့။

Celebrity ပီပီ လူအများရှေ့တွင် ဟန်ဆောင်မျက်နှာဖုံးနှင့် ဆက်ဆံရသမျှ သူမရှေ့တွင် ရှိန်းထက်အောင် အစစ်အမှန် အနေနှင့် လွတ်လွတ်လပ်လပ် ပြောခွင့်ရတာကိုပင် သူ ကျေးဇူးတင်လို့မဆုံး ဖြစ်နေခဲ့ရတာ မဟုတ်လား။

သူမ ယုံကြည်ရသည်ဆိုတာကလည်း ခြောက်လအတွင်း သူပြောသမျှ ဘာသတင်းမှ ပြန့်မလာခြင်းက သက်သေတစ်ခု ဖြစ်နေခဲ့ပြီ။ အကောင်းဆုံး အချက်တစ်ခုကတော့ မေမဒီကို သူ စိတ်ထဲက တဖြည်းဖြည်း မေ့လျော့လာနိုင်ခြင်းပင်။ ထို့ကြောင့် အရေးမပါသည့် အချက်အလက်တွေကို သူ အာရုံစိုက်မနေတော့ဘဲ Pollen ဆိုသည့် အကောင့်လေး၏ ဖြစ်တည်မှုကိုသာ သူ တယုတယ အာရုံထားမိပါတော့သည်။

***

အရာရာ အဆင်ပြေပြေချောမွေ့နေပြီဟုထင်ကာမှ မုန်တိုင်းမလာခင် လေပြည်တိုက်သည့် သဘောဖြစ်နေလိမ့်မည်ဟု သူ မရိပ်မိခဲ့။ မေမဒီနှင့် ရှိန်း၏ relationship နှင့် ပတ်သက်ပြီး မဒီဘက်က ဖြေထားသည့် အင်တာဗျူးတစ်ခုက နှစ်ဖက် ပရိသတ်များကြားသာမက အနုပညာလောကကို စိတ်ဝင်စားသူ အားလုံးကြားတွင် အကြီးအကျယ် ရေပန်းစား သွားခဲ့သည်။

တွဲနေစဉ်ကာလ တစ်လျှောက် ရှိန်းက သူမကို ဘယ်လို စိတ်သောကတွေ ပေးခဲ့ကြောင်း၊ သူမ၏ လွတ်လပ်မှုတွေကို လိုက်ချုပ်ချယ်သည့်အကြောင်း၊ ထို ရှစ်လနီးပါး အချိန်ဟာ သူမဘဝအတွက် အဆိုးဝါးဆုံး အချိန်တွေ ဖြစ်ခဲ့ရကြောင်း မျက်ရည်တစမ်းစမ်းနှင့် ဖြေထားသည့် အင်တာဗျူးက ဗီဒီယိုနှင့် တစ်ဖုံ၊ Screen shots များနှင့် တစ်သွယ် သုံးလေးငါးရက်ကြာသည်အထိ Facebook တစ်ခွင် ပြုပြစ်ငအောင် ပျံ့နှံ့နေခဲ့သည်။

မဒီ ထိုသို့ မဟုတ်မဟတ်တွေ ဖြေရက်နိုင်သည်ကို သူ လုံးဝမယုံနိုင်ခဲ့။ တွဲနေစဉ် ကာလ တစ်လျှောက်လုံး မဒီကသာ သူ့အပေါ် အလေးမထား ဂရုမစိုက်ပဲ နေခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးတွင်လည်း ပြတ်သားစွာ ဖုန်းတစ်ကောထဲနှင့် ဖြတ်ချနိုင်ခဲ့သည်အထိ။

သူ့ဘက်က ပြန်လည် ဖြေရှင်းချက်တွေ ပေးပါသော်လည်း တော်တော်များများက လက်မခံကြတော့။ သူလို ကြိုးစားဆဲ မင်းသားတစ်ယောက်၏ ဖြေရှင်းချက်တွေ ကို ပြည်သူချစ်ပြီးသား မင်းသမီးတစ်ယောက်၏ စကားကို ကျော်ပြီး ဘယ်သူက ယုံမှာတဲ့လဲ။

အဆိုးဆုံးကတော့ သူကို ချစ်ခင်ပြီးသား ပရိသတ်တချို့၏ အားပေးမိတာများပါတယ်ဆိုသည့် ကောမန့်များပင်။ ညှိနှိုင်းထားပြီးသား ကြော်ငြာများနှင့် Photo shooting တချို့မှ တစ်ဖက်သတ် cancel လုပ်ခြင်း ခံရပြီးသည့် အချိန်မှာတော့ သူ အကြီးအကျယ် စိတ်ဓာတ်ကျမိတော့သည်။

Facebook, Instagram အကောင့်အားလုံးကို ယာယီဖျက်ကာ အားလုံးနှင့် အဆက်အသွယ် ဖြတ်နေလိုက်မိသည်။ ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘဲ အိမ်တွင်းအောင်းကာ ခွေနေမိသည် အထိ။

ကာလအတန်ကြာ ပျောက်ကွယ်နေခဲ့သော အိပ်မက်ဆိုးတွေကလည်း ညတိုင်းနီးပါး ပြန်မက်လာသည်။ တစ်ပတ်တိတိ Social media နှင့် အဆက်အသွယ်ဖြတ်ကာ နေအပြီးမှာတော့ သူ စိတ်ထဲ ဘာမှန်းမသိ မရိုးမရွ ဖြစ်လာသည်။

တစ်စုံတစ်ခုကို တမ်းတနေမိသလိုမျိုး။ ဘာမှန်းလည်း သူကိုယ်သူ မသိ။ ရှစ်ရက်မြောက်နေ့မှာတော့ သူ့မန်နေဂျာတားသည့်ကြားက Facebook အကောင့်ကို ပြန်ဖွင့်လိုက်မိသည်။ တတောင်တောင် ဝင်လာသည့် message များ၊ notifications များကြားမှ Pollen ဆိုသည့် အကောင့်လေး။ သူ့ရင်ထဲ လှပ်ခနဲ ဖြစ်သွားသည်။

ပို့ထားသည့် message တွေက ရာနှင့်ပင် ချီမလား မပြောတတ်။ အလျင်အမြန်ပင် သူမ ပို့ထားတာတွေကို အစက ပြန်သွားဖတ်လိုက်မိသည်။

"အစ်ကို အဆင်မပြေ ဖြစ်နေတယ်ဆိုတာ ညီမ နားလည်ပါတယ်"

"ကောလာဟလဆိုတာ ခဏပါပဲအစ်ကို။ မမှန်တဲ့ သတင်းတွေဆို လူတွေက ပိုယုံကြည်တတ်ကြလို့ပါ"

"အဲဒီ မင်းသမီး လိမ်နေတယ်ဆိုတာ နောက်ကျရင် အားလုံးက သိလာမှာပါပဲ"

စသည်ဖြင့် အားပေးစကားတွေသာမက သီချင်းလေးတွေ၊ စာအုပ်ကောင်းလေးတွေကိုပါ နေ့တိုင်းနီးပါး ပို့ထားပေးသေးသည်။

"ဘယ်သူတွေပဲ စွန့်ခွာ စွန့်ခွာ ညီမကတော့ အစ်ကို့ဘေးမှာ ရှိနေမယ်ဆိုတာကိုတော့ အစ်ကို ယုံထားပေးပါနော်"

ဒီနေ့မှ လောလောလတ်လတ် ပို့ထားဟန်ပေါ်သည့် နောက်ဆုံးစာကြောင်းလေးကြောင့် သူ့ရင်ထဲ နွေးခနဲ ဖြစ်သွားသည်။ တစ်ဆက်တည်း ဒီရက်ပိုင်း တစ်ခုခု လိုအပ်သလို ခံစားချက်တွေက Pollen ဆိုသည့် အကောင့်လေး ဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သဘောပေါက်သွားမိသည့် အချိန်မှာတော့ မယုံနိုင်မှုတွေနှင့်အတူ သူ အကြီးအကျယ် ထိတ်လန့်သွားရတော့သည်။

ဘုရားရေ။ သူ စိတ်အပင်ပန်းရဆုံး အချိန်မှာ ပထမဆုံး တမ်းတမိသူက ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိသည့် အကောင့်တုတစ်ခု ဖြစ်နေခဲ့တာတဲ့လား။ ရူးများသွားပြီလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်တွေးမိတဲ့အထိ။

သူမ ပို့ထားသည့် စာတွေကို နောက်တစ်ကြိမ် ပြန်ကြည့်မိတော့ ရင်ခုန်သံတွေက တစ်ခါ မြန်ဆန်လာရပြန်သည်။ စိတ်ရှုပ်ရှုပ်နှင့် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်မိကာ ဘာ replyမှ ပြန်မနေတော့ပဲ နောက်တစ်ကြိမ် deactivate လုပ်ပြီး ဖုန်းကို ဝေးရာမှာသာ ထားလိုက်မိတော့သည်။

***

နောက်နှစ်ပတ်အကြာမှာတော့ သတင်းတွေလည်း အတော် တည်ငြိမ်သွားပြီ ဖြစ်သလို အလုပ်တွေလည်း ပုံမှန်နီးပါး ပြန်လည်ပတ်နိုင်သွားပြီ ဖြစ်သည်။ သို့သော်လည်း ရှိန်းစိတ်ထဲ တနုံ့နုံ့ ဖြစ်နေသည်ကို ထိန်းမရ။ Pollen နှင့် ပတ်သက်ပြီး သူ့စိတ်က ဂယောက်ဂယက်တွေ ဖြစ်နေဆဲပင်။

သူမ message တွေကို ရှိန်းက seen ပြပြီး reply မပြန်သည့်နေ့မှ စ၍ သူမက ဘာဆိုဘာမှ ထပ်မပို့လာတော့။ မိုးလင်း အိပ်ရာနိုးလျှင် သူမ အကောင့်လေးကို အရင် ပြေးကြည့်မိသည်။

မီးစိမ်းနေပါလျက် ဘာဆို ဘာမှ မပို့ထားသဖြင့် စိတ်ပျက် အားလျှော့သွားရသည့် မနက်ခင်းတွေ ထပ်လာသလို၊ ညဘက်တိုင်းလည်း သူမများ စကားလာပြောလိမ့်မလားဆိုသည့် မသိမသာ မျှော်လင့်ချက်ကြောင့် အိပ်ရေးပျက်ရပေါင်း မနည်း။ နေမထိ ထိုင်မထိ ခံစားချက်ကြောင့် လူက စိတ်ပင်ပန်းလာရသည်။

အလုပ်လုပ်နေစဉ် အတွင်းတောင် သူမအကြောင်း တွေးမိသဖြင့် အားလုံးကို အော်ဆဲ လိုက်ချင်စိတ်တွေ ပေါက်နေရသည်။ ရက်တချို့အကြာမှာတော့ သူ့ကိုယ်သူ ပြန်သုံးသပ်ဖို့ လိုပြီဆိုတာကို သူ နားလည်လိုက်မိသည်။

ရှိန်းအနေနှင့် pollen ဆိုသည့် မိန်းကလေးကို မသိစိတ်က လိုအပ်နေသည်ဆိုတာ ငြင်းလို့မရ။ သို့သော်လည်း အဲဒီထက်ပိုသည့် ခံစားချက်တွေ ရှိနေပြီဆိုတာလည်း သူ့ကိုယ်သူ တစ်စတစ်စ ရိပ်မိနေပြီ ဖြစ်သည်။

သူမနှင့် စကားပြောရသည့် အချိန်တိုင်း ခံစားရသော ပျော်ရွှင်ကြည်နူးရမှုက ဘယ်အရာနှင့်မှ မတူ။ သူမပို့ထားသည့် စကားလုံးလေးတွေကို မြင်ရသည့် အခါတိုင်း ပေါ်ပေါက်လာသော တဒိတ်ဒိတ် ရင်ခုန်သံတွေကလည်း အချိန်နှင့်အမျှ ပိုတိုး၍သာ လာခဲ့သည်။ ယုတ်စွအဆုံး ချစ်လှပါပြီဟု ထင်ခဲ့သော မဒီနှင့်ပင် သူ ထိုကဲ့သို့ မခံစားခဲ့ရ။

နောက်ဆုံးတွင်တော့ ရုပ်ရည်အပါအဝင် ဘာဆို ဘာမှ ရေရေရာရာ အကြောင်းမသိသည့် online ပေါ်က မိန်းကလေးတစ်ယောက်ကို နင့်နင့်နဲနဲ ချစ်မိသွားခဲ့ပြီမှန်း ဝမ်းနည်းဖွယ်ကောင်းစွာ သူလက်ခံလိုက်ရတော့သည်။

တစ်ဆက်တည်းမှာပင် သူမကို ပိုင်ဆိုင်ဖို့ ကြိုးစားသင့်လား၊ စွန့်လွှတ်လိုက်ရမလားဆိုသည့် ဇဝေဇဝါ အတွေးတွေက သူ့ကို ဖိစီးလာပြန်သည်။ ဘယ်သူမှန်းမသိသည့် အကောင့်တုတစ်ခုကို ချစ်မိသွားသည့် မင်းသားတစ်ယောက်၏ ဇာတ်လမ်းက အတော် စိတ်ကူးယဉ်ဆန်မှန်း သူ နားလည်သည်။

သူ့အလုပ်အကိုင်၊ သူ့ရေရှည်အောင်မြင်မှုနှင့် နှိုင်းယှဉ်ပြီး စဉ်းစားကြည့်လျှင် ဘယ်လိုမှ မဖြစ်သင့်သော အရာ။ သို့သော်လည်း ထိုအရာတွေကို သူ သိပ်မတွေးမိတော့။ လိုအပ်သည့် အချိန်တိုင်း အနားမှာ အမြဲရှိပေးခဲ့သည့် မိန်းကလေးတစ်ယောက်ထက် ကျော်ပြီး သူ့အပြစ် ဟုတ်မဟုတ်ပင် သေချာမဝေခွဲဘဲ အတင်း ဝိုင်းဝန်းထိုးနှက်ကြသည့် နေရာတစ်ခုကို ရွေးချယ်သည်ဆိုတာကမှ တကယ်ကို မဖြစ်သင့်သည့် အရာ မဟုတ်လား။

သူမ အကြောင်း မသိတော့ရော ဘာဖြစ်မှာမို့လို့လဲ။ Pollen ဆိုသည့် အကောင့်ပိုင်ရှင်လေးအနေနှင့်သာ သူမကို မြတ်နိုးခဲ့တာမလို့ လက်တွေ့ဘဝမှာ သူမ ဘယ်လိုပုံစံပဲရှိရှိရှိန်း လက်ခံပေးနိုင်မှာ ကျိန်းသေပါသည်။ ဆုံးဖြတ်ချက်နှင့်အတူ ချက်ချင်းထကာ သူမဆီသို့ message ပို့လိုက်မိသည်။

"Hi pollen"

ရှိန်းပို့လိုက်သည်နှင့် စက္ကန့်ပိုင်းတောင် မကြာဘဲ သူမက ချက်ချင်း reply ပြန်လာသည်။

"Hi ပါ အစ်ကို"

"ဘာလို့ ဒီရက်ပိုင်း စကားလာမပြောတာလဲ"

ခဏအကြာ ငြိမ်သွားပြီးမှ စာပြန်လာသည်။

"အစ်ကို ညီမကို မလိုအပ်တော့ဘူး ထင်လို့"

ရှိန်း ရင်ထဲ နွမ်းလျ ပူဝေသွားရသည်။

"အစ်ကိုpollen ကို ချစ်မိသွားပြီ ထင်တယ်။ မဟုတ်ဘူး သေချာသွားပြီ။ အစ်ကို တကယ် ချစ်မိသွားခဲ့တာ။ Pollen ဆိုတဲ့ ဖြစ်တည်မှုလေးကိုပဲ တန်ဖိုးထား ချစ်မိသွားတာမလို့ မင်းဘယ်သူပဲဖြစ်ဖြစ် ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ် ကိုယ်လက်ခံနိုင်ပါတယ်။ ယုတ္တိမတန် ဖြစ်နေတယ်ဆိုတာတော့ ကိုယ်သိပါတယ်။ အစ်ကိုဘက်ကတော့ တကယ် မနေနိုင်လွန်းလို့ ဖွင့်ပြောလိုက်ရတာပါ။ Pollen ငြင်းပယ်မယ်ဆိုလည်း အစ်ကို နားလည်ပါတယ်"

ရေးလိုက် ပြန်ဖျက်လိုက် အကြိမ်ကြိမ် လုပ်ပြီးချိန်မှာတော့ နောက်ဆုံး အရဲစွန့်ကာ send ခလုတ်ကို နှိပ်လိုက်မိသည်။ Seen ဖြစ်ပြီး သူမက ချက်ချင်း reply မပြန်သေး။ ထိုစက္ကန့်ပိုင်းအတွင်း သူ့ရင်တွင်းခံစားချက်တွေကို ဖော်ပြလို့တောင် မတတ်။ ခြေဖျားလက်ဖျားတွေ အေးစက်နေကာ ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေသည်။ ဘယ်လိုပင် ကြိုးစားပြီး စိတ်လျှော့ထား စိတ်လျှော့ထား သူမ ငြင်းလိုက်ရင်ဆိုသည့် အတွေးက သူ့ရင်ကို ဗလောင်ဆူစေသည်။

"မနက်ဖြန် ညီမတို့ အပြင်မှာ တွေ့ကြမလားဟင်။ အပြင်မှာတွေ့ပြီး နောက် အစ်ကိုဘက်က သဘောထားမပြောင်းလဲဘူး ဆိုရင်တော့ ညီမ စဉ်းစားပေးပါမယ်"

သူမ ပြန်ပို့သောစာကို ရှိန်းမယုံနိုင်စွာ ငေးကြည့်နေမိသည်။ Pollen က သူ့ကို အပြင်မှာတွေ့ဖို့ ချိန်းတာတဲ့လား။ တွေ့မယ်ဆိုသည့် အဓိပ္ပာယ်ရသည့် စကားလုံး သုံးမျိုးလောက်ကို ဆက်တိုက်ပို့လိုက်ပြီးသည့် အချိန်မှာတော့

သူမက လိပ်စာနှင့် အချိန်ကို ပြောကာ ချက်ချင်း out သွားသည်။

သူမ ဘယ်လိုဖြစ်နေဖြစ်နေ ရှိန်းဘက်က မပြောင်းလဲမှာ သေချာတာ မလို့။ ထိုညက pollen နှင့် ပတ်သက်သည့် အိပ်မက် လှလှလေးတွေကိုပဲ သူ တစ်ညလုံး နီးပါး မက်ခွင့်ရခဲ့သည်။

***

တစ်နေ့ကုန် မျောက်မီးခဲဖင်ခုထိုင်ထားသလို ထိုင်မရ၊ ထမရ တကြွကြွ ဖြစ်နေပြီးမှ Pollen ချိန်းသော ညခင်းအချိန်သို့ ရောက်လာခဲ့သည်။ ညဘက်ကြီးမှ ဘာလို့ ချိန်းလဲ သူတွေးမိပေမဲ့ အထွေအထူး စဉ်းစားမနေတော့။

Pollen ချိန်းသည့်နေရာက မြို့ပြင်ဘက် ရောက်တာမလို့ အချိန် အများကြီး ပိုစောကာ အိမ်က ထွက်လာမိသည်။ Google map မှ ညွှန်ပြသည့်အတိုင်း လာနေရသော်လည်း တဖြည်းဖြည်းနှင့် သူစိတ်ထဲ တစ်မျိုးဖြစ်လာသည်။ ပြောသည့်နေရာကို ရောက်ခါနီးလေလေ လူသူလေးပါးနှင့် ကင်းဝေးလာလေလေ။ လမ်းများ မှားလာသလားလို့ ဇဝေဇဝါ ဖြစ်နေစဉ်မှာပဲ ဦးလေးကြီးတစ်ယောက်ကို မြင်လိုက်တော့ ဝမ်းသာအားရ အပြေးအလွှား မေးမိသည်။

"မင်းပြောတဲ့ လိပ်စာဆိုတော့ ဒီအတိုင်းပဲကွ။ ဒါပေမဲ့ အဲဒီလမ်းတွေမှာက လူမနေတာ ကြာပြီ မင်းဟာက ဟုတ်ရော ဟုတ်ရဲ့လားကွာ"

ဦးလေးကြီး ပြောစကားကြောင့် သူပို၍ ကြောင်တောင်တောင် ဖြစ်သွားမိသည်။ ကျေးဇူးတင်စကားသာ ပြောလိုက်ပြီး မထူးဇာတ်ခင်းကာ သူဆက်သွားဖို့ ဆုံးဖြတ်လိုက်သည်။ နောက်ဆုံး ပြောထားသည့် လမ်းချိုးထဲ

အရောက် ပန်းနုရောင်အရိပ်လေးကို လှမ်းမြင်လိုက်မှ သူ သက်ပြင်းချနိုင်သွားသည်။

ဒီလောက် တိတ်ဆိတ်နေသည့် လမ်းထဲတွင် ဒီအချိန်ကြီး သူမ ဘာလုပ်နေပါလိမ့်။ ရှိန်း ကားရပ်လိုက်တော့ သူမက ကားပေါ် တန်းတက်လာသည်။ ရှိန်း ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် သူမ မျက်နှာလေးကို သေချာ စိုက်ကြည့်လိုက်မိသည်။ အမှောင်ထဲတွင် ဖြစ်နေသော်လည်း သူမမျက်နှာလေးက ချစ်စရာကောင်းမှန်း ပေါ်လွင်နေသည်။

သို့သော်လည်း ပုံမှန်ထက် ပို၍ ဖြူဖျော့နေပြီး အပြုံးအရယ်မရှိ တည်တင်းတင်း ဖြစ်နေတာကြောင့် သူ စိတ်ထဲ တစ်မျိုးဖြစ်မိသွားတာတော့ အမှန်။

"ဘယ်ကို မောင်းရမလဲ Pollen"

"ရှေ့တည့်တည့်ပဲ မောင်းပါ"

ရေခဲတမျှ အေးစက်လွန်းသည့် အသံကြီးကြောင့် သူ ဖြန်းခနဲ ကြက်သီးထသွားမိသည်။

သူ စိတ်ကူးယဉ်ထားမိသည့် ချိုသာ ကြည်လင်သော Pollenနှင့် အတော်လေး ကွာခြားနေသလို ခံစားရသည်။ လူများ မှားလာသလားဟု တွေးမိတဲ့အထိ။

"ရေဒီယို နားထောင်မလား pollen"

တိတ်ဆိတ်မှုကို ဖြိုခွဲချင်သဖြင့် ရှိန်းဘက်က စကားစမိသော်လည်း သူမက ခေါင်းသာ ယမ်းပြသည်။

သူစိတ်ထဲ အတော်လေး နေလို့ မသက်သာ ဖြစ်လာမိသည်။ အိပ်မက်ဆိုးတွေ မက်နေတုန်းကလို စိတ်ချောက်ချားမှုမျိုးကို ခံစားမိသည်။

သို့သော်လည်း သူမနှင့် တွေ့ခွင့်ရပြီဆိုသည့် အသိဖြင့် ရင်ခုန်နေမှုကိုလည်း ထိန်းမရ။ ကားကိုပဲ အာရုံစိုက်မောင်းနေရင်းက သိသိသာသာ အပူရှိန် လျော့ကျသွားသော လေထုကြောင့် သူမဘက်ကို လှည့်ကြည့်လိုက်မိစဉ်

Oh my god ...

သူ ထခုန်မိမတတ် ထိတ်လန့်သွားမိသည်။ သူ့ဘေးတွင် ထိုင်နေသော pollen မရှိတော့။ အလန့်တကြား ရှေ့ကို ပြန်ကြည့်လိုက်တော့ ကားရှေ့တည့်တည့်တွင် သူမ။ လူသေတစ်ယောက်လို တောင့်တောင့်ကြီးရပ်ကာ သူ့ကို ငေးကြည့်နေသည်။

ထူပူလာသော အသိစိတ်ကြောင့် စီယာတိုင်ကို အားကုန်လှည့်ကာ သူမကို ရှောင်လိုက်မိသည်။

အလျင်အမြန် ဘရိတ်ဖမ်းဖို့ ကြိုးစားပေမဲ့လည်း အရှိန်လွန်နေပြီဖြစ်သော ကားကို သူမထိန်းနိုင်တော့။ တစ်စုံတစ်ခုနှင့် တိုက်မိသံ အုန်းခနဲကို ကြားလိုက်အပြီးမှာတော့ သူ နားတွေအူကာ မျက်စိတွေ ပြာထွက်သွားသည်။ ထိုတစ်ခဏအတွင်း ဝေဝါးထုံထိုင်းကာ ဘာဖြစ်သွားမှန်း သူမသိလိုက်။

ခေါင်းက ပျစ်ချွဲချွဲ အရည်တွေ စီးကျလာသလို ခံစားမိသဖြင့် လက်နှင့်တို့ကာ ကြည့်လိုက်တော့ ထင်သည့်အတိုင်း သွေးတွေ။ အသက်ကို အမောတကော ရှူမိသည်။ သူ့နှလုံးခုန်သံ ပြင်းပြင်းကို သူကိုယ်တိုင် ကြားနေရသည်။ မှုးမိုက်ပြာဝေလာသော အသိစိတ်ကြောင့် သူ မေ့မောသွားတော့မည်ဟု ထင်လိုက်မိသော်လည်း ရှေ့တည့်တည့်တွင် မြင်လိုက်ရသော Pollen ၏ ပုံရိပ်ကြောင့် သူ လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွားမိသည်။ Pollen က ကားပေါ်တက်လာလာချင်း ပုံစံနှင့် လုံးဝမတူတော့။ ခြောက်ကပ်နေသော အသားအရေက ဖြူရော်သည်ထက် မီးခိုးရောင်သန်းနေသလိုပင်

ထင်ရသည်။ လည်ပင်းတွင်လည်း ကြိုးရာ အညိုအမည်းကြီးက ထင်းလို့။

ဇက်ကျိုးထားသည့်ဟန် ခေါင်းငိုက်စိုက်ဖြစ်နေ၍ ဆံပင်အရှည်တွေက ရှေ့ကို ဖားလျားကျနေသည်။ သူ ငေးကြည့်နေမိစဥ်မှာပဲ သူမက ဆတ်ခနဲ ခေါင်းမော့လာသည်။

ထို စက္ကန့်ပိုင်းအတွင်း ...

ရှိန်းတစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုတွေ ရပ်တန့်သွားသလို ခံစားလိုက်ရသည်။ နာကျင် မုန်းတီးမှုတွေ ပြည့်နေသည့် အပြူးကြီးကြီး မျက်ဝန်းတစ်စုံ။ ရှိန်း သူကိုယ်သူ အသက်ရှူနေသေးလား၊ မရှူတော့ဘူးလား မသေချာ။ အသိအာရုံတွေ အားလုံး မှောင်အတိကျမသွားခင် နောက်ဆုံးတွေးမိသည်က အိပ်မက်ထဲက သတ်သေသွားသည့် မိန်းကလေး။

***

ထိုညက မဒီဘက်က ရှိန်းကို ပြတ်စဲလိုက်ပြီး သုံးရက်မြောက်ည။ တမှိုင်မှိုင် တခွေခွေ ဖြစ်နေသော သူ့ကို သူငယ်ချင်းများက အိမ်မှ အတင်းဆွဲထုတ်ကာ club တစ်ခုကို ခေါ်သွားသည်။

သူလည်း ဘာဘာညာညာ အများကြီး စဉ်းစားမနေတော့ဘဲ အမူးသောက်ချပစ်လိုက်သည်။ ကျော်စွာက သူကို အပျော်မိန်းကလေးတစ်ယောက် ရှာပေးထားသည်။ သူမနှင့် ပျော်ပါးဖို့ အခန်းထဲထိရောက်ပြီးမှ သူ သိပ်စိတ်မပါတော့။ ထို့ကြောင့် မိန်းကလေးကို ပြန်လွှတ်ကာ သူလည်း မူးမူးရူးရူးနှင့် အိမ်ပြန်လိုက်ရသည်။

လမ်းတစ်ဝက်ရောက်တော့မှ သူတစ်ကိုယ်လုံး ပူထူလာသည်။

တစ်စုံတစ်ရာကို အသည်းအသန် တောင့်တနေသလိုမျိုး။ အာခေါင်တွေ ခြောက်ကပ်ကာ တစ်ကိုယ်လုံး ဖိန်းတိန်းတိန်း ဖြစ်လာသည်။ အသွေးအသားတွေထဲက ရမ္မက်စိတ်တွေ ထကြွလာတော့မှ ဘာကြောင့်ဆိုတာ သူရိပ်မိလိုက်သည်။

**ခွေးကောင်တွေ ငါ့ကို သက်သက် ဆေးခတ်ထားတာ။**

တွေးပြီးချက်ချင်း သူ လမ်းဘေးကို ကားထိုးရပ်ကာ တစ်ကိုယ်ရေ ဆန္ဒ ဖြေလျှော့ဖို့ လုပ်နေစဉ်မှာပဲ

'ဒေါက်ဒေါက်'

ရုတ်တရက် ကားပြတင်းပေါက်ကို လာခေါက်သော မိန်းကလေးတစ်ယောက်ကြောင့် သူ လန့်ပြီး မှန်ချပေးလိုက်မိသည်။

"အစ်ကို ရှိန်းထက်အောင်ရှင့်။ ညီမက အစ်ကို့ ပရိသတ်အကြီးစားပါ။ ရိုက်ကွင်းတွေလည်း လာဖူးပါတယ်။ အဲဒီတုန်းကတော့ တခြားလူတွေ ရှိလို့ လက်မှတ်မတောင်းရဲဘူး။ အခု ညီမကို လက်မှတ်လေး ထိုးပေးပါနော်"

ရှိန်း ဘာပြောရမှန်းမသိ ယောင်အမ်းအမ်းသာ ခေါင်းညိတ်လိုက်မိသည်။

"အယ် ညီမမှာ ဘောပင် မပါလာဘူး။ အစ်ကို့မှာ ပါလား"

"နောက်ခန်းမှာ"

ပြန်ဖြေလိုက်သော ရှိန်းအသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေလောက်သည်။ သူ့အသံနှင့် အရက်နံ့ကြောင့်လား မသိ။ သူမက နောက်တစ်ချက် တွန့်သွားသည်။

"အင်း အဲဒါဆိုလည်း နေပါစေ ... "

"ရတယ် ရတယ် အစ်ကို ယူလိုက်မယ်။ တကူးတက တွေ့ရတာ လက်မှတ်လေးတော့ ယူသွားပါ"

တစ်စုံတစ်ရာ လက်လွတ်သွားမှာ ကြောက်သည့်စိတ်ဖြင့် သူ အသည်းအသန် ကားပေါ်က ဆင်းကာ ယိုင်တိုင်တိုင် ခန္ဓာကိုယ်ဖြင့် နောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ဘောပင်ယူပြီး လက်မှတ် ထိုးပေးနေစဉ် စက္ကန့်ပိုင်းအတွင်း သူ့သွေးတွေ ဗလောင်ဆူနေသည်။

မလုပ်သင့်သည့်အရာမှန်း သိသိနှင့် သူ့စိတ်ကိုသူ ထိန်းမရ။ တစ်စတစ်စ တိုးလာသော ဆေးအရှိန်က သူ့အသိစိတ်တွေကို တရွေ့ရွေ့ ပြည်ဖုံးကားချသွားသလို။ လမ်းမီးရောင်ပျပျသာ ရှိသော်လည်း သူ့ရှေ့ရှိ မိန်းကလေးက ပန်းနုရောင် ဂါဝန်ရှည်လေးနှင့် အရမ်းကို လှနေသည်ဟု သူတွေးမိသည်။

နောက်ဆုံးမှာတော့ ပူထူလာသော ရမ္မက်စိတ်နှင့် တောင့်တမှုတွေက သူ့ ဆင်ခြင်တုံတရား အားလုံးကို အနိုင်ယူသွားသည်။ စာအုပ်ကို အမြန်ယူကာ ခပ်သွက်သွက် လှည့်ထွက်သည့် သူမကို အတင်းဆွဲ၍ ကားနောက်ခန်းသို့ ထိုးထည့်မိသည်။

လက်ရော ခြေရော အားကုန်သုံး၍ သူမက အကြောက်အကန် ရုန်းသည်။ သို့သော်လည်း မင်းသားတစ်ယောက်ပီပီ ခန္ဓာကိုယ်တောင့်တင်းသော သူ့လက်ထဲက ဘယ်လိုမှ မလွတ်နိုင်။ ငယ်သံပါအောင် စူးစူးဝါးဝါး အော်သံ၊ အသနားခံသံ၊ ကျိန်ဆဲသံ စသဖြင့် စုံနေအောင် ပြောနေသော်လည်း သူ ဘာတစ်ခုကိုမှ ပီပီပြင်ပြင် မကြား။

သူ အသိအာရုံထဲတွင် စွဲမက်ဖွယ်ကောင်းလွန်းသော သူမ၏ အသွေးအသားတွေကသာ လွှမ်းမိုးနေသည်။ တိရစ္ဆာန်တွေကလို တဏှာရမ္မက်ကို ဖြည့်ဆည်းဖို့ကလွဲပြီး တခြားဘာကိုမှ သူ မစဉ်းစားနိုင်တော့။ အချိန်အတော်ကြာ၍ သူ့ဆန္ဒတွေ ပြီးမြောက်သွားတော့မှ သူ့အောက်တွင် ဖိချုပ်ထားသော သူမကို လွှတ်ပေးလိုက်သည်။ ထို့အတူ သူ့အသိတွေလည်း တဖြည်းဖြည်း ဝေဝါးလာသည်။ သူမ ငိုရှိုက်ရင်း ထွက်ပြေးသွားသည်ကို

နောက်ဆုံးအနေနှင့် မြင်လိုက်ရ အပြီးမှာတော့ ... သူလည်း အိပ်မက်ကမ္ဘာထဲသို့ တစ်ခါတည်း ပြိုဆင်းသွားတော့သည်။

***

သွေးအလိမ်းလိမ်းနှင့် ပြန်နိုးနိုးလာချင်းချင်း ရှိန်း အရမ်းကို တုန်လှုပ်ချောက်ချား သွားမိသည်။ ထိုညက အဖြစ်အပျက်တွေက အခုမှ သဲသဲကွဲကွဲ အကုန်ပြန်မှတ်မိလာသည်။

**အို ဘုရားရေ။**

**သူ တကယ်ကို မုဒိမ်းကောင် ဖြစ်ခဲ့တာပါလား။**

**ပြီးတော့ ပြီးတော့ သူ အနိုင်ကျင့်မိသည့် မိန်းကလေးကPollen ...**

ထိုညက အိပ်မက်ထဲရှိ အငြိုးတကြီး အကြည့်တွေနှင့် မိန်းကလေး၊ နောက်ရက် သတင်းတွင် ပါလာသော သတ်သေသွားသည့် မိန်းမငယ်။ ညတိုင်းနီးပါးမက်နေသော မသဲမကွဲ အိပ်မက်များ။ အခုမှ သူ အားလုံးကို ဆက်စပ် သဘောပေါက်သွားမိသည်။

အဖြစ်အပျက်အားလုံးကို နားလည်လိုက်မိခြင်းနှင့်အတူ ရင်တစ်ခုလုံး ပေါက်ကွဲမတတ် နာကျင်လာသည်။ သူ နှစ်နှစ်ကာကာ ချစ်မိသွားသည့် မိန်းကလေးက သူ၏ ယုတ်မာပက်စက်မှုကြောင့် သေဆုံးသွားရသူ ဖြစ်နေပါရောလား။

ရှိုစုမဲ့စု အားအကုန်ဖြင့် စီယာတိုင်ကို လက်နှင့် တဒုန်းဒုန်း ထုမိသည်။ နာကျင်ဆို့နင့်ရလွန်း၍ အသက်ရှူပင် မဝတော့။ Pollen သူမ ဘယ်လောက်တောင် ထိတ်လန့် ကြောက်ရွံ့နေခဲ့ရှာမလဲ။ သူမ တရေးတယူ သဘောကျ

နှစ်သက်ရသူ တစ်ဦးက သူမအပေါ် ရွှံရှာစက်ဆုပ်ဖွယ် အကောင်းဆုံး ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုတာ။

တသွင်သွင် ကျဆင်းလာသော မျက်ရည်တွေကို ရှိန်း မထိန်းနေတော့။ တစ်ကိုယ်လုံး နာကျင် မူးဝေနေသော်လည်း ရင်ထဲက ပူလောင် ဆို့နင့်မှုနှင့် ယှဉ်လျှင် ဘာမှ မပြောပြလောက်။ ခပ်လှမ်းလှမ်းက လာနေသော ဆေးရုံကား အဖြူကို မြင်လိုက်ပြီးသည့် အချိန်မှာတော့ သူ စိတ်တွေ အားလုံး လျှော့ချလိုက်တော့သည်။

အရာအားလုံး မှောင်အတိကျမသွားခင်မှာတော့ ဘာလုပ်ရမလဲ ဆုံးဖြတ်ချက်ကို ရှိန်း ပိုင်ပိုင်နိုင်နိုင် ချလိုက်နိုင်ပါသည်။

***

**မနှင်းဝတ်မှုန်**

**အသက်-၂၁နှစ်**

အုတ်ဂူမှ နာမည်လေးကို ရှိန်း လက်နှင့် ဖွဖွလေး တို့ထိလိုက်မိသည်။

ဘယ်လောက်ပဲ ထိန်းထား ထိန်းထား ရင်ထဲ ဆို့နင့်မှုကြောင့် မျက်ရည်တွေက ဝဲတက်လာသည်။

ခေါင်းမော့ကာ အသက်ကို ဝဝရှူသွင်းလိုက်မိပြီးမှ သူမကို နောက်ဆုံး အနေနှင့် တိုင်တည်ပြီး ပြောမိသည်။

"မင်း ကြားနိုင်ပါ့မလားတော့ မသိဘူး Pollen ... ဘာပဲဖြစ်ဖြစ် မင်းကို ပြောပြဖို့တော့ ကိုယ့်အတွက် ကျိန်းသေ လိုအပ်တာမလို့။ Pollen ဆိုတဲ့ အကောင့်လေးကို စသိခွင့် ရတဲ့နေ့က မင်းပို့ပေးထားတဲ့ ပျော်ရွှင်ခြင်း

လက်ဆောင်ဆိုတဲ့ သီချင်းလေးကြောင့် ကိုယ် စိတ်ပင်ပန်းမှုတွေ အများကြီး ပြေလျော့ခဲ့ရတယ်။ မင်းဘက်က ကိုယ့်ကို အငြိုးတကြီးနဲ့ ချဉ်းကပ်ခဲ့တာမှန်း ကိုယ်အခု နားလည်သွားပြီ ဖြစ်ပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုယ်မင်းကို ကျေးဇူးတင်ပါတယ် Pollen ... ဘာမဆို အစစအရာရာ ရင်ဖွင့်ခွင့်ပေးခဲ့တဲ့အတွက်၊ ကိုယ့်ဘဝရဲ့ အဆိုးဆုံးအချိန်တွေမှာ ခွန်အားတစ်ရပ် ဖြစ်ပေးခဲ့တဲ့အတွက်၊ ကိုယ့်ဘဝကို ပျော်ရွှင် ကြည်နူးစရာတွေပဲ ယူဆောင်လာပေးခဲ့တဲ့အတွက်၊ Pollen ဆိုတဲ့ အကောင့်လေးရဲ့ ဖြစ်တည်မှုအတွက် အားလုံးအားလုံးအတွက် ကိုယ်တကယ်ကို မင်းကို ကျေးဇူးတင်ပါတယ်။ မင်းနှင့်အတူ အပြန်အလှန် စကားပြောခွင့်ရတဲ့ အချိန်ကာလတွေဟာ ကိုယ့်ဘဝရဲ့ အလှပဆုံး အစိတ်အပိုင်းတွေပါဘဲ"

ကျဆင်းလုဆဲဆဲ မျက်ရည်တွေကို အတင်း ထိန်းထားရင်းက ရှိန်း ဟက်ခနဲ တစ်ချက် ရယ်လိုက်သည်။

"မင်း ယုံချင်မှ ယုံမယ် Pollen ... ဒါပေမဲ့ ကိုယ် ပြောခဲ့သလိုပဲ မင်း ဘယ်လို အခြေအနေပဲ ဖြစ်ဖြစ် ကိုယ်ချစ်နေမှာပဲဆိုတာ။ အဲဒါ ကိုယ့်စိတ်ရင်းအမှန်ပါ။ မင်းက သေဆုံးပြီးသား ဝိညာဉ်ဆိုတာ ကိုယ်သိပြီးတာတောင်မှ မင်းအပေါ် ချစ်တဲ့ စိတ်ကို ကိုယ် မဖြေဖျောက်နိုင်ဘူး။ တစ်သက်လုံးလည်း ဖြေဖျောက်နိုင်မယ် မထင်တော့ပါဘူး Pollen"

**ဘာပဲဖြစ်ဖြစ် မင်းကို ချစ်ခဲ့မိခြင်းကိုတော့ ကိုယ် နောင်တမရပါဘူး။**

"နောက်ဆုံးအနေနဲ့ကတော့ Pollenမင်းအပေါ် ကျူးလွန်မိခဲ့တဲ့ အပြစ်အတွက် ကိုယ်တကယ်ကို တောင်းပန်ပါတယ်။ တောင်းပန်ရုံနဲ့ မလုံလောက်သလို ကိုယ် ခဏနေ သွားအပြစ်ဝန်ခံလိုက်မယ့်အချိန် ကျသင့်မယ့် အပြစ်ဒဏ်ကလည်း မလုံလောက်သေးမှန်း ကိုယ်သိပါတယ်။ ဒီအပြစ်ကြွေးကို ဒီဘဝမှာ သက်တမ်းရှိသမျှ ဆပ်ခွင့်ရပြီး နောက်ဘဝ

အဆက်ဆက်လည်း ကျေအောင် ဆပ်ဖို့ ကိုယ် ပြင်ဆင်ထားပြီးသားပါ။ မင်းကို အခုလို ဖြစ်စေခဲ့သူ ကိုယ်က အပြစ်ကြွေးကို ဆပ်တော့မှာမလို့ မင်း ငြိမ်းချမ်းပါစေတော့ Pollen"

ရှိန်း ပြောလိုက်သည်နှင့် အနားတွင် လေပြည်လေး တိုက်ခတ်သွားကာ တစ်စုံတစ်ရာ လစ်ဟာသွားမှုကို သူ ခံစားလိုက်မိသည်။ တစ်ဆက်တည်း သူမ မရှိတော့ဆိုသည့် အသိစိတ်ကြောင့် သူ့ရင်တစ်ခုလုံး ကြေမွသွားသလို ခံစားလိုက်ရသည်။ ကျဆင်းလာသည့် မျက်ရည်တွေကို သူ ခပ်မြန်မြန် သုတ်လိုက်အပြီးမှာတော့ ခိုင်မာသည့် ဆုံးဖြတ်ချက်နှင့်အတူ ထိုအုတ်ဂူဆီမှ တစ်လှမ်းချင်း ထွက်ခွာ လာခဲ့ပါတော့သည်။

Sue Khat Thar

ပြီးပါပြီ

***